# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၂၄ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၈ - ၁၀ - ၂၀၁၄ ]

# ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၄ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဗိုလ်မှူးကျော်သက်ဦး၊ တပ်မတော်သား ကိုယ်စားလှယ်၏ **ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့တွင် ဟိုတယ်ဇုန် သို့မဟုတ် အပန်းဖြေစခန်းများ ပြန်လည်ဖွင့်လှစ်သွားရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်သား ကိုယ်စားလှယ်၏ **ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်-မိုင်းယောင်း ကားလမ်းအား အဆင့်မြှင့်တင်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဗိုလ်မှူးရဲမင်းထွေး၊ တပ်မတော်သား ကိုယ်စားလှယ်၏ **အထပ်မြင့်ကန်ထရိုက်တိုက်များ ဆောက်ရာတွင် ဒီဇိုင်း (Design) အပိုင်း၊ အရည်အသွေးနှင့်စံချိန်စံညွှန်းစစ်ဆေးမှုအပိုင်း(Specification and Quality Control) နှင့် သက်ဆိုင်ရာ ဆောက်လုပ်ရေးအဆင့်များ (Construction Sequences) အလိုက် စနစ်တကျ ဆောင်ရွက်နိုင်မှုအား စစ်ဆေးသွားရန် အစီအစဉ် ရှိ/မရှိ နှင့် အရည်အသွေးပြည့်ဝ၍ လုံခြုံစိတ်ချရသော အဆောက်အအုံများ ဆောက်လုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံရှိ အင်ဂျင်နီယာပိုင်းဆိုင်ရာ အသင်းအဖွဲ့များဖြင့် ရေရှည်ပူးပေါင်းဆောင်ရွက်သွားရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့လေကြောင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့လေကြောင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့လေကြောင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထားကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း။

၉။ မြန်မာ့လေကြောင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၁၂။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၄ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၂၅ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။